# သတင်းထုတ်ပြန်ချက်

၂၀၂၃ ဒီဇင်ဘာ ၁ ရက် မြန်မာစံတော်ချိန် ၁၇၀၀ (UTC ၁၀၃၀) နာရီအထိ တားမြစ်ထားသည်

# S&P Global မြန်မာ ထုတ်လုပ်မှု PMI®

## ထုတ်လုပ်မှု ကျဆင်းလာမှုမှာ နိုဝင်ဘာတွင် အရှိန်ပိုရလာခြင်း

### အဓိက တွေ့ရှိချက်များ

လုံခြုံရေး အခြေအနေ ဆုတ်ယုတ်လာမှုက အော်ဒါအသစ်များ အပေါ်သို့ ဖိစီးလာခြင်း

လက်ကျန် အလုပ်စာရင်းများ မှတ်တမ်းထဲတွင် တတိယ အားအကောင်းဆုံးသို့ မြင့်တက်သွားခြင်း

ကုမ္ပဏီများက ဝယ်ယူရေး လုပ်ငန်းများကို တဟုန်ထိုး လျှော့ချခဲ့ကြခြင်း

မြန်မာနိုင်ငံ ထုတ်လုပ်ရေး ကဏ္ဍ၏ အခြေအနေမှာ၂၀၂၃ ခုနှစ် ကုန်ဆုံးရန် တစ်လအလိုတွင် ဆိုးဝါးလာနေကြောင်းကို အချက်ပြလာသည်။ နိုင်ငံ့မြောက်ပိုင်းရှိ ပြည်နယ်များတွင် အကြမ်းဖက်မှုများ အသစ်တဖန် အရှိန်မြင့်လာမှုက ရှိနှင့်ပြီး ဝယ်လိုအား အားပျော့နေခဲ့သည့် အခြေအနေကို ပိုခက်ခဲလာစေခဲ့ပြီး ကုမ္ပဏီ အများအပြားတို့က ဖောက်သည်များထံတွင် ငွေရေးကြေးရေး အခက်အခဲများ ရှိနေကြောင်းကို အစီရင်ခံကြသည်။ သို့ဖြစ်၍၊ စက်ရုံ အော်ဒါများနှင့် ထုတ်လုပ်မှုများ အရှိန်ရ ကျဆင်းလာခဲ့မှုကို မှတ်တမ်း တင်ခဲ့ကြပြီး ကုမ္ပဏီများသည် နိုဝင်ဘာတွင် မိမိတို့၏ ဝယ်ယူရေး လုပ်ငန်းများကို တဟုန်ထိုး လျှော့ချခဲ့ကြသည်။ ထို့အပြင် ကုန်ကြမ်း ရှားပါးမှုများနှင့် လျှပ်စစ်မီး ပြတ်တောက်မှုများက မပြီးဘဲ ကျန်ရစ်ခဲ့သည့် အလုပ်စာရင်းများ သိသိသာသာ တိုးလာခြင်းကို ဆိုလိုခြင်းဖြစ်သည့်အပြင် မှတ်တမ်းထဲတွင် တတိယ အား အကောင်းဆုံးနှုန်း ဖြစ်လာသည်။

လည်ပတ်မှု စရိတ်စကများသည်ပါ နိုဝင်ဘာလတွင် လျင်မြန်စွာ တက်လာခဲ့ပြီး အရှိန်မြင့်လာခဲ့သည်။ သို့သော်လည်း၊ ရောင်းဈေးများမှာမူ အနည်းငယ် သင့်တင့်သည့် နှုန်းဖြင့်သာ တက်သွားခဲ့ပြီး၊ အချို့နေရာများတွင် အော်ဒါအသစ်များကို မြှင့်တင်ပေးရန် အားထုတ်သည့် အနေနှင့် ကုမ္ပဏီများက မိမိတို့၏ ကုန်စည်များအတွက် လျှော့ဈေးကို ကမ်းလှမ်းခဲ့ကြသည်။


အကျဘက် နယ်ပယ်ထဲသို့ နက်ရှိုင်းစွာ ကျဆင်းလာသော အဓိကအကျဆုံး S&P Global မြန်မာ ထုတ်လုပ်မှု PMI® အညွှန်းကိန်း – ထုတ်လုပ်ရေး စွမ်းဆောင်မှုကို ဖော်ပြပေးသော ပေါင်းစပ်ထားသည့် တစ်ခုတည်းသော အညွှန်းကိန်းကို နိုဝင်ဘာလတွင် ၄၈.၁ တွင် မှတ်တမ်း တင်ဖြစ်လိုက်ခြင်းဖြင့် အောက်တိုဘာ၏ ၄၉.၀ ထက် ကျဆင်းသွားသည်။ ယင်း အဓိကအကျဆုံး အညွှန်းကိန်းသည် ယခုနှစ်ထဲတွင် ယနေ့အထိ အနိမ့်ဆုံး မှတ်တမ်း ဖြစ်သည်။

စက်မှု ထုတ်လုပ်မှုရော စက်ရုံ အော်ဒါများသည်ပါ သုံးလဆက်တိုက် နိမ့်ဆင်းလာခဲ့ပြီး ကျဆင်းမှုနှုန်းမှာ ၂၀၂၂ ဒီဇင်ဘာမှစပြီး အမြန်ဆုံး ဖြစ်လာသည်။ ဖောက်သည်များ ရင်ဆိုင်ကြရသည့် ကြွေးဆပ်ရေး ပြဿနာမှာ အော်ဒါရရှိမှု နောက်ဆုံး ကျဆင်းလာရမှု၏ အဓိကအကြောင်းရင်း ဖြစ်ခဲ့သည်။ ထို့အပြင်၊ မြန်မာနိုင်ငံရှိ ဒေသအနှံ့မှာ လက်နက်ကိုင် ပဋိပက္ခများ အရှိန်မြင့်လာခြင်းကပါ ဝယ်လိုအား အခြေအနေကို ရှေ့ဆက် အားနည်းလာစေခဲ့သည်။ အကျိုးဆက်အဖြစ်၊ အော်ဒါအသစ်များ ကျဆင်းလာမှုက ထုတ်လုပ်သူတို့အား သူတို့၏ ထုတ်လုပ်မှုများကို လျှော့ချရန် တွန်းအားပေးခဲ့လာသည်။

အော်ဒါအသစ်များ ကျဆင်းလာခြင်းနှင့် အလုပ်မှနှုတ်ထွက်မှုများကို ကျယ်ပြန့်စွာ အစီရင်ခံမှုများက ထုတ်လုပ်မှုကဏ္ဍထဲတွင် အလုပ်နေရာများ နိုဝင်ဘာလမှာ ခြောက်လဆက်တိုက် ဖြတ်တောက်ခံရမှုကို ဆိုလိုပါသည်။ ထို့အပြင်၊ ဖြတ်တောက်ခံရမှု နှုန်းသည် ဇန်နဝါရီမှစပြီး အမြန်ဆုံးဖြစ်လာသည်။ ကုန်စည် ထုတ်လုပ်သူတို့သည် နောက်ဆုံး သုံးလပတ်၏ အလယ်ပိုင်းတွင် မိမိတို့၏ ဝယ်ယူရေး လုပ်ငန်းများကိုပါ လျှော့ချခဲ့ကြရာ ငါးလဆက်တိုက် ဖြစ်လာသည်။ သို့ဖြစ်၍၊

S&P Global မြန်မာ ထုတ်လုပ်မှု PMI

ညှိကိန်း >၅၀ = ယခင်လနောက်ပိုင်း တိုးတက်မှု




ရင်းမြစ်– S&P Global PMI.
ဒေတာကို ၂၀၂၃ နိုဝင်ဘာ ၀၉–၂၂ ရက်များတွင် စုစည်းခဲ့သည်။

### သုံးသပ်ချက်

အာဆီယံ ကုန်ထုတ်လုပ်မှု PMI ဒေတာကို သုံးသပ်လျက် S&P Global Market Intelligence မှ စီးပွားရေးပါရဂူ Maryam Baluch ပြောကြားသွားသည်မှာ–

*"မြန်မာနိုင်ငံရဲ့ ထုတ်လုပ်မှုကဏ္ဍဟာ အဓိက အညွှန်းကိန်း နိုဝင်ဘာလတွင် အကျဘက် နယ်ပယ်ထဲသို့ ရှေ့ဆက် လျှောဆင်းသွားခြင်းက ၂၀၂၃ ခုနှစ်ရဲ့ နောက်ဆုံး သုံးလပတ်ကို မဝံ့မရဲ ခြေလှမ်းများဖြင့် ဆက်လိုက်ခြင်းပါပဲ။ ဒီလရဲ့ ဒေတာက နိုင်ငံ့မြောက်ပိုင်း ဒေသတစ်ဝန်း လုံခြုံရေး အခြေအနေ ဆုတ်ယုတ်လာမှုမှာ ထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်နေတာကို မီးမောင်းထိုးပြလိုက်ပါတယ်။*

*"ထုတ်လုပ်မှုနှင့် အော်ဒါအသစ်များထဲတွင် ကျဆင်းမှု ပိုမြန်လာတာကို မှတ်တမ်းတင်ခဲ့ကြတယ်။ အဲဒါကို တုံ့ပြန်တဲ့အနေနဲ့ ထုတ်လုပ်သူတို့က အလုပ်နေရာများကို ဖြတ်တောက်ခဲ့ကြပြီး ဝယ်ယူရေး လုပ်ငန်းများကို လျှော့ချခဲ့ကြတယ်။*

*"အဲဒါ့အပြင်၊ ကုန်ကြမ်း ရှားပါးမှုများ၊ ထည့်ကုန်များအတွက် ပေးသွင်းမှု ပြီးဆုံးရန် ကြာမြင့်ချိန်များ တိုးလာခြင်းနှင့် လျှပ်စစ်မီး ပြတ်တောက်မှုတွေ ရှိမြဲရှိနေခဲ့ပါတယ်။ အဲဒီထက်ပိုပြီး၊ နိုင်ငံ့မြောက်ပိုင်းက တိုက်ခိုက်မှုတွေက ထုတ်လုပ်သူတို့ လုပ်ကိုင်ကြရတဲ့ အခြေအနေကို ပိုပြီးခဲယဉ်းလာစေရန် ဖန်တီးပေးခဲ့ကြတဲ့အတွက် အဲဒီလို စိန်ခေါ်မှုတွေဟာ နိုဝင်ဘာလထဲမှာ ပိုလို့ကြီးထွားလာတာကို မြင်နေကြရပါတယ်။*

*"မကြာမီက အကြမ်းဖက်မှုများ ပိုအရှိန်မြင့်လာနေပြီး နိုင်ငံရေး အခြေအနေ ပိုပြီးမရေမရာ ဖြစ်လာနေလျက် ငွေကြေးဖောင်းပွမှုဆိုင်ရာ ဖိအားပေးမှုများ အားကောင်းနေကာ နိုင်ငံတကာ အခြေအနေ အခြေမသာတဲ့ အခြေအနေမျိုးထဲမှာ မြန်မာနိုင်ငံရဲ့ ထုတ်လုပ်မှုကဏ္ဍအတွက် အနာဂတ်ဟာ အတော်ကလေး မှောင်ရိပ်သန်းလျက် ရှိနေဆဲပါပဲ။"*



© 2023 S&P Global

